သရဏဂုံပေးသောဆရာကား လောက၌ ဘကြီး ဘထွေးများ ကဲ့သို့ ဥပဇ္ဈာယ် ကွယ်ရာ၌ ဖြစ်တတ်သော အပြစ်များကို ကြည့်ရှု ဆုံးမရသည်။

**ဥပဇ္ဈာယ်ပေးရာ၌ ဆိုဘွယ်များ။** ။တပည့်က "ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ" ဟု ၃-ခေါက်ဆို၍ ဥပဇ္ဈာယ်ယူသောအခါ "သာဟု(ကောင်းပြီ)" ဟုရင်း, လဟု(သင့်ကို ကြည့်ရှုဆုံးမဘို့ရာ ငါ့မှာ ဝန်မလေးပါ, ပေါ့ပါ၏)ဟုရင်း, ဩပါယိကံ (သင်၏ ဥပဇ္ဈာယ်ယူခြင်းသည် နည်းလမ်းကျပါ၏)ဟုရင်း, ပဋိရူပံ (သင်၏ ဥပဇ္ဈာယ်ယူခြင်း သည် သင့်လျော် လျောက်ပတ်ပါ၏)ဟုရင်း, "ပါသာဒိကေန သမ္ပာဒေဟိ"ဟုရင်း ဤ ၅-မျိုးတွင် အလိုရှိရာ တမျိုးမျိုးကို ဆို၍ ဥပဇ္ဈာယ်ပေးနိုင်၏၊ ယခု အခါ၌ကား နောက်တမျိုး ကိုသာ ဆို၍ ဥပဇ္ဈာယ်ပေးလေ့ ရှိကြပါသည်။

**ပါသာဒိကေန။** ။"ပါသာဒိကေန" ကို "ပသာဒါဝဟေန ကာယဝစီပယောဂေန"ဟုရင်း,"သမ္ပာ- ဒေဟိ"ကို "တိဝိဓသိက္ခံ နိပ္ဖါဒေဟိ" ဟုရင်း တေရသကဏ္ဍ ဋီကာ ဖွင့်သောကြောင့် ထိုအဖွင့်အတိုင်း "ကြည်ညိုဘွယ်ကို ဆောင်သော ကိုယ်အမူအရာ နှုတ်အမူအရာဖြင့် ၃-ပါးသော သိက္ခာကို ပြီးစီးစေလော"ဟု မြန်မာပြန်ပါ၊ "ပါသာဒိကေန- ကြည်ညိုဘွယ်ကို ဆောင်သော ကိုယ်အမူအရာ နှုတ်အမူအရာ နှင့်၊ သမ္ပာဒေဟိ-ပြည့်စုံစေလော"ဟု အနက်ပေးကြသည်မှာ သဒ္ဒါစည်းကမ်း မကျချေ။

ဆက်ဦးအံ့-သမ္ပာဒေဟိကို "နိပ္ဖါဒေဟိ(ပြီးစီးစေလော)" ဟု ဖွင့်သော ဋီကာ အလိုအားဖြင့် သံပုဒ္ဓ ပဒခေတ် ကာရိတ်